# တန်းမြင့်ဆန် တန်ချိန်တစ်သောင်း နှစ်ကုန်ပိုင်းတွင် ဂျပန်သို့ တင်ပို့မည်

သတင်းရင်းမြစ် > သီဟကိုကို
သောကြာနေ့၊ အောက်တိုဘာလ ၂၅ ရက် ၂၀၁၃ ခုနှစ် ၁၁ နာရီ ၃၇ မိနစ်

ယခုနှစ်ကုန်ပိုင်းနှင့် လာမည့်နှစ်ဆန်းပိုင်းတွင် ဂျပန်နိုင်ငံသို့ တန်းမြင့်ဆန်တန်ချိန် တစ်သောင်းတင်ပို့ရန် သဘောတူညီမှု ရရှိထားပြီးဖြစ်သည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းမှ တာဝန်ရှိသူများက ပြောသည်။

ယင်းဆန်များကို မြန်မာနိုင်ငံလယ်ယာစီးပွားရေးနှင့် အများပိုင်ကုမ္ပဏီလီမိတက် (MAPCO) မှ တင်ပို့သွားမည် ဖြစ်သည်။

ယခုနှစ် ဇွန်လအတွင်း ဂျပန်နိုင်ငံသို့ နှစ်ပေါင်း ၄၅ နှစ်အတွင်း တန်းမြင့်ဆန်တန်ချိန် ငါးထောင်အား ပထမဆုံး ပြန်လည်တင်ပို့ခဲ့ပြီး ယခုတစ်ကြိမ်တွင် တန်ချိန်တစ်သောင်းအထိ တိုးမြှင့်တင်ပို့ရန် သဘောတူညီချက် ရရှိထားခြင်း
ဖြစ်ကြောင်း (MAPCO) မှ တာဝန်ရှိသူများက ပြောသည်။

(MAPCO) ၏ မန်နေဂျင်း ဒါရိုက်တာ ဦးရဲမင်းအောင်က " ပြီးခဲ့တဲ့တစ်ခေါက် တန်းမြင့်ဆန် ၅၀၀၀ ပို့တဲ့ ပုံစံမျိုးပါပဲ၊ အခုက တန်ချိန်များများပို့သွားမယ်၊ ဒီနှစ် ဒီဇင်ဘာနဲ့ လာမည့်နှစ် ဇန်နဝါရီထဲမှာ တင်ပို့သွား မှာပါ " ဟု ပြောသည်။

လာမည့်နိုဝင်ဘာလတွင် ဂျပန်နိုင်ငံမှ တန်းမြင့်ဆန် တင်ဒါစထုတ်မည်ဖြစ်ပြီး တင်ပို့ရန်အကြို သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း ယင်းက ပြောသည်။

ဆန်အရည်အသွေး စစ်ဆေးမှုဆောင်ရွက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အသွင်အမြင်ကောင်းခြင်း၊ စားသုံးမှု အရသာကောင်း
ခြင်း၊ ဓာတုဗေဒဓာတ်ကြွင်းကင်းစင်ခြင်းတို့ကို ဂျပန်နိုင်ငံအစိုးရ စစ်ဆေးရေးအဖွဲ့များက စစ်ဆေးသွားမည် ဖြစ်သည်။

ဂျပန်နိုင်ငံက အရည်အသွေးနှင့် ဓာတုဆေးသုံးစွဲမှုနည်းသော မြန်မာ့ဒေသမျိုးရင်း ဆန်စပါးများဖြစ်သည့် ဆင်းသွယ် လတ်၊ မော်ဘီ-၂နှင့် အင်းမရဲဘော်တို့ကိုသာ ဝယ်ယူသွားမည်ဖြစ်သည်။

ဇွန်လအတွင်း တင်ပို့ခဲ့သည့် တန်းမြင့်ဆန်တန်ချိန် ငါးထောင်အား ဇီဝဗီဇပြုပြင်မှု နည်းအသုံးပြုခြင်း မဟုတ်သော မျိုးဖြစ်ကြောင်း သက်သေခံသည့် စစ်ဆေးမှု၊ ဓာတုဆေးဝါးနှင့် ပိုးသတ်ဆေးဓာတ်ကြွင်း စစ်ဆေးမှုအမျိုးအမယ်ပေါင်း ၂၅၇ မျိုး စစ်ဆေးမှုတို့ကို စစ်ဆေးခဲ့ပြီး အောင်မြင့်သည့်အတွက် တင်ပို့နိုင်ခဲ့ ခြင်းဖြစ်သည်ဟု ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက ဆိုသည်။

ဦးရဲမင်းအောင်က ဂျပန်နိုင်ငံက အီးယူဈေးကွက်ထက် တင်းကျပ်သည့် စစ်ဆေးမှုများပြုလုပ်ခြင်းကြောင့် ဂျပန်ကို တင်ပို့နိုင်ခြင်းသည် အီးယူဈေးကွက်ထိုးဖောက်နိုင်ရန်အထောက်အပံ့ရကြောင်း ပြောသည်။

မြန်မာနိုင်ငံ လယ်ယာစီးပွားရေးနှင့် အများပိုင်ကုမ္ပဏီလီမိတက် (MAPCO) နှင့် ဂျပန်ကုမ္ပဏီမစ်ဆူရီတို့ ပူးပေါင်းကာ လာမည့် စပါးပေါ်မည့် နိုဝင်ဘာမှ စတင်ကာတန်းမြင့်ဆန်တန်ချိန် နှစ်သိန်းအား ပြည်ပသို့ တင်ပို့သွားမည်ဟု ယင်းက
ပြောသည်။

အဆိုပါတန်းမြင့်ဆန် တန်ချိန်နှစ်သိန်းကို အီးယူအပါအဝင် အရှေ့အလယ်ပိုင်းဒေသများသို့ တင်ပို့သွားမည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၅မှတ်ဆန်အမျိုးအစားသာ ပြည်ပသို့ အဓိကထား တင်ပို့လျက်ရှိပြီး အာဖရိကနှင့် တရုတ်နိုင်ငံများ သို့ တင်ပို့လျက်ရှိသည်။

ဥရောပနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှာ အရည်အသွေးမြင့် ၁၀၀ ရာခိုင်နှုန်း ဆန်သားအဆင့်နှင့် ငါးမှတ်ဆန် အဆင့်ရှိ တန်းမြင့်ဆန်များကိုသာ ဝယ်ယူသည်။

၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၄ သန်းကျော်တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရရှိခဲ့သည်။ ယခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် သုံးသန်းခန့် တင်ပို့ရန် လျာထားသည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk')); Post by Mizzima - News in Burmese .